Online စာပေ

## ချစ် မင်း ဝေ

# အချစ်အကြောင်းလေးတွေ နည်းနည်း

(ရသအက်ဆေးများ)



## ကိုယ့်ဘေးမှာ ရှိနေခဲ့ဖူးတဲ့သူ -

ကိုယ့်ဘေးမှာ ရှိနေခဲ့ဖူးတဲ့သူ ဆိုတာ ကိုယ့်ကိုချစ်သော၊ ကိုယ့်ကို ဂရုတစိုက် ရှိနေခဲ့ဖူးသော လူတစ်ယောက်ကို ဆိုလိုခြင်းပါ။ တစ်ခါတလေမှာ ကျနော်တို့က ကိုယ့်ဘေးမှာ ရှိနေခဲ့ဖူးတဲ့သူ တွေကို မေ့လျော့ နေတတ်ကြပါတယ်။

အကြောင်းတစ်ခုခု တိုက်ဆိုင်မှ ဒါမှမဟုတ် ကျနော်တို့ မှတ်ဉာဏ်ရဲ့ ဟောင်းနွမ်း ဆွေးမြည့်နေတဲ့ တချို့ နေရာလေးတွေ တုန်ခါထမြည်လာမှသာ လူတချို့ဟာ ကိုယ့်ရဲ့ဘေးနားမှာ ရှိနေခဲ့ဖူးတယ် ဆိုတာကို ပြန်သတိရလာ တတ်ကြပြီး အဲဒီအတွက် နှမြောတသ ဖြစ်လာတတ် ကြတယ်။ ဒီနေရာမှာ အကြောင်းတစ်ခုခု တိုက်ဆိုင်မှု ဆိုတာကလည်း အချိန်တွေ အကြီး နေပြီးတော့မှ ထတိုက်ဆိုင်တာ မျိုးလည်း ဖြစ်နေနိုင်ပါတယ်၊ ဒါက ကျနော်တို့တွေ စကား ပြောတဲ့အခါ တစ်ချိန်ကပေ့ါလို့ အစပြု ပြောဆိုတော့ မည့်ဟန် ပြုပြီးမှ ငေးရီ တိတ်ဆိတ်နေခဲ့ရတဲ့ တချို့အခြေအနေ မျိုးတွေလိုပဲ ပေ့ါ။

အခု ကျနော် ပြောချင်တာကလည်း အဲဒီလို အဓိပ္ပာယ် ဆန်ဆန်ပါပဲ။ ဒီလိုဗျာ အထက်တန်း ကျောင်းတုန်းက ကျနော့်ကို အရိပ်တကြည့်ကြည့် အမြဲကြည့်နေတတ်တဲ့ ကောင်မလေး တစ်ယောက် ရှိခဲ့ဖူးတယ် ဆိုပါတော့။ သတိရစရာတွေဟာ တိုက်ဆိုင်မှု ရှိလာတဲ့အခါ တနင့်တပိုးပဲ ကိုယ့်ဆီ ကျရောက်လာတတ်တာက ထုံးစံပဲ မဟုတ်လား။ ဒါကြောင့်ပဲ ကျနော့်မှာလည်း တစ်ချိန်တုန်းက ကျနော့်ကို ဂရုတစိုက် ရှိနေပေးခဲ့ဖူးတဲ့ ကောင်မလေးတစ်

ယောက် ရှိခဲ့ဖူးတာပေါ့။ ဒါပေမဲ့ ကျနော်က အဲဒီအချိန်တုန်းက အဲဒီအရာကို သတိမထားမိခဲ့ဘူး။ ဆိုတော့ သတိမထားမိဘူး လို့လဲ ပြောသေးတယ်၊ ဘာလို့ သတိရနေရတာလဲလို့ မေးလာခဲ့ရင်တော့ ကျနော်လည်း ရှင်းမပြ တတ်ဘူး။ သူ အဲဒီလို ကျနော်ရဲ့ဘေးမှာ ရှိနေပေးဖူးခဲ့တာကို အဲဒီအချိန်က ကျနော်ဟာ ဘဝင်မြင့်နေ ခဲ့တာလည်း ဖြစ်နေနိုင်တယ်။ ဒါမှမဟုတ် ကျနော်က သူမကို တကယ် လိုအပ်နေခဲ့တဲ့ အချိန်လည်း ဟုတ်မနေခဲ့တဲ့အတွက် သူမ ရှိနေခဲ့တာကို ကျနော်က သတိမထားမိခဲ့တာလဲ ဖြစ်နေနိုင်တာပဲ။ ပြီးတော့ သူမ ကျနော့်အနားမှာ ရှိနေပေးခဲ့ပြီး သူမ ပြုမူပေးနေခဲ့တဲ့ ကိစ္စတွေက သူမ မရှိလည်း ကိုယ့်ဟာကိုယ် လုပ်နေနိုင်တဲ့ ကိစ္စတွေ ဖြစ်နေခဲ့လို့ သူမကို ကျနော်က သတိမထားမိခဲ့ တာလည်း ဖြစ်ကောင်း ဖြစ်နေနိုင်ပါလိမ့်မယ်။

ဒီအကြောင်းတွေကို ပြန်စဉ်းစားမိတာကလည်း တစ်ချိန်တုန်းက ကျနော်ရဲ့ ဘေးနားမှာ အချိန်ပြည့် ရှိနေပေးခဲ့ဖူးတဲ့ မိန်းကလေးတစ်ယောက်က သူ့ရဲ့လက်တွဲဖော်နဲ့ တွဲရိုက်ထားတဲ့ ဓာတ်ပုံကို လူမှုကွန်ရက်မှာ တင်ထားတာတွေ့လိုက်မိလို့ပါပဲ။ ဒါကြောင့်ပဲ သတိထားမိ သတိရမိ သွားခဲ့ရတာပေါ့။ ဒါဆို သူမဟာ အဲဒီလို ဓာတ်ပုံတွေကို လူမှုကွန်ရက်ပေါ် မတင်သင့်ဘူးလို့ ထင်စရာပါပဲ။ တကယ်တော့ သူမ တင်သင့်ပါတယ်။ အခုအချိန်မှာ သူမကို သတိထားမိနေတဲ့ သူမကို ဂရုတစိုက်ရှိနေတဲ့ သူတစ်ယောက် သူမရဲ့ဘေးနားမှာ ရှိနေခဲ့ပြီ ဆိုတာကို တစ်ချိန်တုန်းက သူမကို သတိမထားမိခဲ့တဲ့ သူမကို လုံးဝ ဂရုမစိုက်ခဲ့တဲ့ သူတစ်ယောက် သိသွားရအောင် သူမ တင်သင့်တာပေါ့။ ဒါပေမဲ့ အဲဒီနေရာမှာကျတော့ ကျနော်ဟာ ကိုယ့်ကိုယ်ကိုယ် မေးစရာမေးခွန်းလေးတစ်ခု ရှိလာခဲ့ပြန်ရော။ ဒါကတော့ သူမလေး ကျနော့်ရဲ့ဘေးမှာ မရှိတော့တဲ့ အချိန်တွေ အကြာကြီးမှာရော သူမလေးကို ကျနော်ဟာ

ဘာလို့များ သတိမရခဲ့တာလဲ ဆိုပြီးတော့ပေါ့။ အဖြေကတော့ ကျနော် သတိရဖို့ မအားခဲ့တာပါ ဆိုတာပါပဲ။ သတိရဖို့ ဆိုတာလည်း အခြေအနေ တစ်ခုမှ တိုက်ဆိုင်မှု မရှိခဲ့ရတာပေါ့။ နောက်ပြီး တစ်ခုခုကို သတိရဖို့ တိုက်ဆိုင်ဖို့ ဆိုတာကလည်း ကိုယ်က အားနေမှပဲ ဖြစ်မှာလေ။ ကိုယ်က မအားလပ်ရအောင် အလုပ်တွေ ရှုပ်နေခဲ့ရင်တော့ သတိရတာတွေ တိုက်ဆိုင်တာတွေက ဖြစ်လာနိုင်ချေ အရမ်းကို နည်းပါးပါတယ်။ ဆိုပေတဲ့ ကျနော်တို့ဟာ မအားလပ်ရအောင် အလုပ်တွေ ရှုပ်နေခဲ့ရင်းနဲ့လည်း သတိရတာတွေ တိုက်ဆိုင်တာတွေက ဖြစ်လာတတ်ပါတယ်။ ကျနော်တို့ ဟာ အမှန်တရား တစ်ခုခုကို မျက်ကွယ်ပြုချင်ရင် ရှောင်လွှဲပြီး အသုံးပြု တတ်ကြတဲ့ တစ်ခါတလေ ဆိုတဲ့နေရာလေး တစ်ခုမှာပေါ့။ များသော အားဖြင့်တော့ အဲဒီလို အခြေအနေတွေဟာ သူမ ကျနော့်ရဲ့ဘေးမှာ နေပြီး ပြုမူပေးခဲ့ဖူးတဲ့ ကိစ္စလေးတချို့ ကျနော့်ရဲ့ဘေးမှာ ထပ်ပြီး ဖြစ်လာခဲ့တဲ့အခါ သူမလေးသာ ရှိနေခဲ့ရင် ဒီလိုဖြစ်မှာ မဟုတ်ဘူးလို့ ကျနော်က တွေးလိုက်မိ ရင် ဖြစ်တတ်ပါတယ်။ ဒါက ကျနော့်ရဲ့ဘေးမှာ သူမ ရှိနေခဲ့တဲ့ အချိန်တွေ တုန်းက ကျနော့်ရဲ့ပုံစံကိုလည်း ပြန်ပြီး သတိရမိသွား စေခဲ့တာမျိုးပဲ။ သိပ် တော့လည်း အရေးမကြီးဘူး လို့သာ ထားပါတော့။ သေချာတာကတော့ သူမ ကျနော့်ရဲ့ ဘေးမှာ ရှိနေခဲ့တဲ့ အချိန်တွေ တုန်းက သူမဟာ ကျနော့်ရဲ့ မျက်နှာကို မကြာခဏ ကြည့်နေတတ်ခဲ့တာပါပဲ။ ဒါကို ဘာဖြစ်လို့ ကျနော် က သိနေခဲ့သလဲဆိုရင်တော့ သူမနဲ့ ကျနော်ဟာ အကြည့်ချင်း ခဏခဏ ဆုံ တတ်ကြလို့ပါ။ ဒါပေမဲ့ အဲဒီကာလတုန်းက ကျနော် အကြည့်ချင်း ဆုံချင်နေ ခဲ့တဲ့ သူဟာ သူမ မဟုတ်ခဲ့တဲ့အတွက် သူမရဲ့ အကြည့်တွေကို ကျနော်က ခပ်ပေ့ါပေ့ါလေးပဲ သဘောထား ခဲ့မိပါတယ်။

ကျနော့်မှာ သူမနဲ့ ပတ်သက်တဲ့ အမှတ်တရတွေတော့ များစွာ ရှိခဲ့ရတယ်။

သူမက ကျနော့်ကို စိတ်ဆိုးတဲ့ အချိန်တွေတိုင်း "မြောက်ကိုရီးယား" လို့ အကျယ်ကြီး ထထအော်လေ့ ရှိတယ်။ နင် ဘာအော်လိုက်တာလဲဟင်လို့ ကျနော်က ပြန်မေးရင် မသိဘူး နင့်ကို စိတ်တိုလွန်းလို့ စိတ်ထဲရှိတာ အော်လိုက်တာပဲလို့ ပြန်ဖြေပြီး ကျနော့်ကို ျကစောင်း ထိုးတတ်ပါတယ်။ အဲဒါကိုလည်း ကျနော်က အခုအချိန်မှာ ပြန်တွေးမိပြီး သူမကို အားတွေနာနေ ခဲ့ရတယ်၊ ဘာလို့ ပြန်တွေးနေမိတာလဲ ဆိုတော့ ဒီစာကိုရေးနေတဲ့ အခုအချိန်မှာ ကျနော်ဟာ အားနေခဲ့လို့ပါပဲ။ အဲဒီလို ကျနော်က အားနေခဲ့တော့ ပြန်တွေး၊ ပြန်တွေးတော့ အတိတ်ကိုသတိရ၊ ရလာတဲ့သတိထဲက အတိတ်ရဲ့ ဖြစ်စဉ်တွေကို လက်ရှိအခြေအနေနဲ့ ယှဉ်ပြီး စဉ်းစားကြည့်မိတော့ မမျှတဘူးထင်လာပြီး ကျနော်ဟာကျနော် တစ်ယောက်တည်း အားတွေနာလာရတာပါပဲ။ ဆိုင်တော့မဆိုင်ပေမဲ့ တစ်ခုခုဆို အားနာနေတတ်တဲ့ အကျင့်က အရင် ဖြစ်နေလို့လည်း ထင်ပါရဲ့။ ဒီအတွက်တော့ တောင်းပန်ပါတယ်ခင်ဗျာ။ ဆိုတော့ဗျာ ကျနော် အဲလောက် အားနာနေတယ် ဆိုရင်လည်း အခုအချိန်မှာ သူမကို အကြွေးပြန်ပေးတဲ့ အနေနဲ့ အပြင်မှာ လူချင်းတွေ့ပြီး အကြည့်ချင်း သွားပြန်ဆုံကြမလားလို့ စဉ်းစားစရာက ရှိလာခဲ့ပြန်တယ်။ နောက်တာပါ ဆုံစရာလား မဆုံပါဘူး၊ တကယ်တော့ အဲဒါက တော်တော့်ကို ရှုးကြောင်ကြောင် နိုင်တဲ့ ကိစ္စတစ်ခုပါပဲ။ သူမရဲ့ဖက်ကလည်း အဲဒီလို ကိစ္စမျိုးကို လုံးဝ လက်သင့်ခံမှာ မဟုတ်လောက်ဘူးပဲ ထင်ပါတယ်။ ဘယ်မိန်းကလေး ကမှလည်း သူတို့ရဲ့ တန်ဖိုးရှိပြီး ရှုပ်ထွေး လှပတဲ့ အချိန်တွေကို အတိတ်ကာလက တစ်ယောက်ယောက်ကို ထိုင်ကြည့်နေရင်းနဲ့ ကုန်လွန်ချင်ကြမှာ မဟုတ်လောက်ဘူးလို့ပဲ ကျနော်ကလည်း ထင်တယ်။ ဒါဆို အရင်အချိန်တွေနဲ့ ပတ်သက်ပြီး ပြန်သတိရလာစေမယ့် သဲလွန်စလို တစ်ခုခုကို သူမသတိထားမိအောင် ကျနော် သွားပေးလိုက်ရင် ကောင်းမလားလို့

စဉ်းစားမိလာပြန်တယ်။ ဟိုအရင်က သူမ ကျနော့်ရဲ့ ခေါင်းကို ခေါင်းကပ် ပလာစတာလေးတွေ ကပ်ပေးဖူးခဲ့တာကို သူမပြန်ပြီး သတိရသွားအောင် ကျနော့်ရဲ့ ခေါင်းမှာ ခေါင်းကပ် ပလာစတာတွေ ကပ်ပြီး ဓာတ်ပုံရိုက်၊ သူမရဲ့ လူမှုကွန်ရက် အကောင့်ကို tag တွဲပြီး တင်လိုက်တာမျိုး ဒါမှမဟုတ် သူမ ကျနော့်ရဲ့ စာအုပ်တွေထဲ စာတွေ ကူးထည့် ပေးခဲ့ဖူးတာကို သူမပြန်ပြီး သတိရသွားအောင် သူမကိုသာ ရည်ရွယ်တဲ့ စာလေးတချို့ စောင်းမြောင်း ရေးဖွဲ့ပြီး သူမဆီ ပေးပို့တာမျိုး စတဲ့ အပြုအမူတစ်ခုခုပေါ့။ ဒါက အမှန်တော့ မလုပ်သင့်ပါဘူး။ ကျနော်ကိုယ်တိုင်လည်း လုပ်ဖို့ အစီအစဉ်မျိုး မရှိပါဘူး။ ဒီလိုပဲ ကျနော့်စိတ်ရဲ့ ဆိုးရွားပြီး ရိုးသားမှုမရှိတဲ့ ဖက်အခြမ်းက ပေါက်ပေါက်ရှာရှာတွေ အမြဲ တွေးနေတတ်လို့သာ ကျနော်က အဲဒါတွေကို စဉ်းစားနေမိခဲ့တာ။

တကယ်တော့ ကျနော်က ရူးကြောင်ကြောင်ပါ။ သူမနဲ့ မတွေ့ဖြစ်တော့တဲ့ ကာလ တစ်လျှောက်လုံး မှာလည်း ကျနော်က ကျနော့်ရဲ့ တစ်နိုင်တစ်ပိုင် စိတ်ကူးစိတ်သန်းလေးတွေ နဲ့ပဲ ရှင်သန်နေခဲ့မိတာ။ အဲဒီကာလ တစ်လျှောက်လုံးမှာလည်း ကျနော်ဟာ နံရံတွေကို ထိုင်ကြည့်ပြီး စိတ်ကူးနဲ့ ခွဲစိတ်နေမိခဲ့တာ။ အိပ်မက်ထဲမှာ ကြွက်တွေကို မျိုးသုဉ်းသုတ်သင် နေမိခဲ့တာ။ ပြတင်းတံခါးပေါင်ပေါ်မှာ တင်ထားတဲ့ နှင်းဆီပန်း အဝါအိုးလေးတွေကို တယုတယ ရေလောင်း ပေါင်းသင်နေမိရင်း ကျနော့်ရဲ့ ပတ်ဝန်းကျင်မှာ အပြာရောင်တွေကို စိုလွင်တောက်ပ နေစေခဲ့တာပေါ့။ တကယ်တော့ ကျနော်က စိတ်ကူးယဉ်သမား သက်သက်ပါပဲ။ ကျနော့်ရဲ့ ခေါင်းထဲမှာ ခံနိုင်ရည်ထက် ပိုကဲတဲ့ အတွေးတွေနဲ့ ရှိရှိသမျှကို ရိုးသားချင်နေမိတဲ့ စိတ်ကူးစိတ်သန်း တွေလောက်ပဲ ရှိတာ။ မှတ်မှတ်ရရ တစ်ခါတုန်းကဆို ကျောင်းဆင်းတဲ့ အချိန်တစ်ခုမှာ ကျနော့်ကို ဝိုင်းပြီးရန်စကြတဲ့

ကျောင်းသားတစ်အုပ်ကို သူမက အော်ထုတ်ပေးခဲ့ဖူး ပါတယ်။ နင်တို့ သူ့ကို ထိထိကြည့်နော် ငါ အော်ငိုပစ်လိုက်မှာ ဆိုပြီးတော့ပေါ့။ အဲဒီအချိန်တုန်းက သူမကို ကျနော် ကြည့်မိတော့ သူမရဲ့ မျက်နှာဟာ ဖြူဖပ်ဖြူရော် ဖြစ်နေခဲ့ ပြီး သူမရဲ့ ခြေတွေလက်တွေ ကလည်း တုန်ရီယမ်းခါ နေခဲ့ပါတယ်။ ဒါပေမဲ့ သူမဟာ ကျနော့်အနားမှာပဲ ရပ်နေပေးခဲ့တယ်။

ကျနော်ထင်တယ် တကယ်လို့များ ကျနော်သာ အဲဒီအချိန်ကတည်းက သူမလေးကို သတိထားမိခဲ့ပါရင် ကျနော်တို့တွေ အခုလောက် လွဲချော်သွား ကြရတော့မှာ မဟုတ်လောက်ဘူး ဆိုပြီးတော့ပေါ့။ ဒါပေမဲ့ ကျနော်ဟာ အဲဒီ အချိန်တုန်းက သူမလေးကို သတိမထားမိခဲ့ပါဘူး။ တကယ်တော့ အဲဒီ အချိန်တုန်းက သူမနဲ့ ပတ်သက်ရင် ကျနော် သတိမထားမိခဲ့တဲ့ အရာတွေ ဟာ အများကြီးပါပဲ။ သူမရဲ့ တစ်ယောက်စာထက် ပိုပိုပြီး ထည့်လာတတ်တဲ့ ထမင်းဘူးလေး ကိုလည်း ကျနော်က သတိမထားမိခဲ့ပါဘူး။ နောက်ပြီး ကျ နော်တို့နှစ်ယောက် လုံလုံခြုံခြုံ ဆောင်းလို့ရတဲ့ ဂေါက်သီးအကြီးကြီး တစ် ချောင်းကိုရော ပဲပေါ့။ ပြီးတော့ သူမရဲ့ ကွန်ပါဘူးထဲက ဘောပင် ဆင်တူ လေးတွေနဲ့ ခဲဖျက်နှစ်ခု အစရှိသည်ဖြင့် ကျနော်က အရာအားလုံးကို ပေါ့ ပြက်စွာပဲ မျက်ကွယ်ပြုနေခဲ့မိတယ်။ တချို့အရာတွေက အချိန်ရဲ့ နားလည် ရခက်သော အဖြေရှာမှု ကြောင့်ပဲ ကာလအတန်ကြာမှ ကိုယ်တွေ့ ထိသိမြင် သာခွင့်တွေ ရလာတာမျိုးပါပဲ။ အခုတော့ ကျနော်က ကျနော့်ရဲ့ စိတ်ဒဏ်ရာ တချို့ကို တစ်ခုခုနဲ့ ချရေးထားနေတတ်ခဲ့ပြီး ဒီထက် ကြေကွဲစရာ ဘာမှမရှိ တော့ဘူး ဆိုတာကိုလည်း သိခွင့်ရခဲ့ပြီးတဲ့ လူတစ်ယောက် ဖြစ်နေခဲ့ပါပြီ။

တစ်ခါက သူမလေး ကျနော့်ကို ပြောဖူးတယ်။ ငါတို့ နှစ်ယောက်စလုံးသာ ကြောင်တွေ ဖြစ်သွားကြရင် သိပ်ကောင်းမှာပဲတဲ့။ ဘာဖြစ်လို့လဲလို့ သူမကို ကျနော် ပြန်မေးလိုက်တော့ ကြောင်တွေဟာ သူငယ်ချင်း ဆိုတာထက် ပိုပြီး

ပတ်သက်ခွင့်ကို ဘယ်သူ့ကိုမှ ဂရုမစိုက်ပဲ ရထားတဲ့ သတ္တဝါတွေလေ။ နင့် အိမ်ကကြောင်နဲ့ ငါ့အိမ်ကကြောင်နဲ့လည်း ငယ်ငယ်က သူငယ်ချင်းတွေပဲ။ ဒါပေမဲ့ သူတို့က အခု ချစ်နေကြပြီတဲ့။ သူမရဲ့အဖြေကြောင့် ကျနော် ရယ်လိုက်မိပါတယ်။ ပြီးတော့မှ "မသိပါဘူး ငါက နင် ငါနဲ့အတူတူ သစ်ပင်ပေါ်တက်ချင်တာ ကြွက်လိုက်ခုတ်ချင်တာ တစ်ယောက်ယောက်က ကျောသပ်ရင်သပ် လုပ်ပေးတာကို အတူတူထိုင်ပြီး ဇိမ်ခံချင်နေတာ ထင်လို့" လို့ ပြန်ပြောလိုက်တော့ ထုံးစံအတိုင်းပဲ "မြောက်အမေရိကား" လို့ သူမ ထပြီး အော်ခဲ့ပါတယ်။ နင် ဘာလို့ နိုင်ငံပြောင်းပြီး အော်နေပြန်တာလဲလို့ ကျနော် သူမကို မေးကြည့်တော့ နင့်ကို အရမ်းစိတ်တိုလို့ ဒီကနေ ပိုဝေးတဲ့နိုင်ငံကို အော်လိုက်တာလို့ သူမ ကျနော့်ကို ပြန်ဖြေပြီး ဘောက်ဆတ် ဘောက်ဆတ်နဲ့ ကျနော့်ရဲ့ အနားက ထွက်သွားခဲ့ပါတယ်။ နောက်ပြီး အဲဒီစကားလုံးတွေကပဲ အခုအချိန်မှာ ကျနော့်ကို သတိရတာထက် ပိုနေနိုင်စေခဲ့တာလည်း ဖြစ်နိုင်တယ်။ ကိုးလို့ကန့်လန့်လို့ ကျနော်တို့ ပြောဆိုတတ်ကြတဲ့ စကားလုံးကို ဂလိုးဂလန့်ပါဟာလို့ အမြဲငြင်းဆိုနေတတ်ခဲ့တဲ့ ကောင်မလေးနဲ့ လွဲချော်ခဲ့ရတာလောက် လွမ်းစရာကောင်းတဲ့ အရာ ဘယ်ကမ္ဘာမှာများ ရှိဦးမှာတဲ့တုန်း။ ကျောင်းဆင်းချိန်တွေမှာ ကျနော့်ဘေးနား ကပ်လျှောက်ပြီး ပြုံးနေတတ်ခဲ့တာတွေ၊ မုန့်စားဆင်းချိန်တွေမှာ ကျနော့်အတွက် ဆိုပြီး အအေးတစ်ဘူး အပိုဝယ်လာ တတ်ခဲ့တာတွေ၊ နင်က ကတ္တီပါဖိနပ်နဲ့ပဲ လိုက်ပါတယ်ဟာလို့ ကျနော့် ခြေထောက်ကို ငုံ့ကြည့်ပြီး အမြဲပြောနေ တတ်ခဲ့တာတွေ၊ အရာအားလုံးဟာ အခုအချိန်မှာတော့ သတိရမှု တချို့တလေ အဖြစ်နဲ့ပဲ အတိတ်ဆီမှာ ကျန်ရစ်နေခဲ့ရတော့တာပေါ့။ နောက်ပြီး အဲဒီအရာတွေဟာ ကာလ ကြာလာလေလေ ကျနော့်ဆီကို ကြည်နူးခဲ့ရမှုတွေ အနေနဲ့ ပိုပြီး စိမ့်စိုပျော်ဝင်လာနေစမြဲပါ။ ကျနော့်အတွက် ပြန်မရနိုင်တော့တဲ့

အတိတ်ရဲ့ ပို့မျှစ်သစ်လွင်မှုလေးတွေ အနေနဲ့ပေ့ါ။

ကျနော်တို့ ပြန်ဆုံဖြစ်ကြဦးမယ်လို့ပဲ ထင်ပါတယ်။ ဆိုတော့ ရုတ်တရက် ပြန်ဆုံဖြစ်ကြရင် ကျနော်တို့ဟာ ဘာတွေလုပ်ကြမလဲ လို့ မေးစရာရှိတယ်။ ကျနော့်ရဲ့ဘက်ကတော့ သူမကို စိတ်ပါလက်ပါ ရယ်ပြလိုက်ဖြစ်ဖို့ပဲ များပါတယ်။ ကျနော်တို့ချင်း အပြန်အလှန် ပတ်သက်ခဲ့ဖူးတဲ့ သံယောဇဉ်တွေအတွက်၊ ပြီးတော့ ကျနော် သတိမထားမိခဲ့တဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး ကျနော့်ရဲ့ဘက်က ပျက်ကွက်ခဲ့ရမှုတွေ အတွက်၊ ကျနော် သူမကို စိတ်လိုလက်ရ ရယ်ပြနေဖြစ်ဖို့ပဲ ရှိတော့တယ်။ ကျနော်တို့ တစ်ယောက်ကိုတစ်ယောက် မျက်နှာချင်းဆိုင်ကြည့် လက်ညှိုးထိုးပြီး ခွက်ထိုးခွက်လန် ရယ်ကြတာမျိုးတော့ လုပ်ဖြစ်မယ် မထင်ပါဘူး။ သူမလေးကလည်း အဲဒီလို ရယ်မောမယ့် အမျိုးသမီးလေးတစ်ယောက် မဟုတ်ဘူးလေ။ နောက်ပြီး အချိန်တွေ အကြာကြီး ဝေးကွာနေခဲ့ကြပြီး သံယောဇဉ်ဆိုတာ ရှိခဲ့ဖူးတဲ့သူတွေဟာ အမှတ်မထင် ပြန်ဆုံတွေ့ဖြစ်ကြရင် ခွက်ထိုးခွက်လန် ရယ်ကြတာမျိုး ကျနော် မတွေ့ဖူးပါဘူး။ ဒီနေရာမှာ ကျနော်တို့နှစ်ယောက် ကြားထဲမှာ သံယောဇဉ်ရှိခဲ့ဖူးတာ ဘယ်လိုသိသလဲ ဆိုတာကိုတော့ ကျနော်လည်း ရှင်းမပြတတ်ဘူး။ တချို့အရာတွေက ရှင်းပြတိုင်းလည်း ပြည့်စုံလုံလောက်တဲ့ အဖြေတွေ ထွက်လာတာမှ မဟုတ်ပဲ။ ဒါအတွက်တော့ ဒီလိုပဲ သူ့အလိုလို သိနေခဲ့တာပါလို့ပဲ ကျနော့်အနေနဲ့ အဖြေပေးလိုက်ပါရစေ။ တချို့ အချိန်တွေ အကြာကြီး ဝေးကွာနေခဲ့ကြပြီး သံယောဇဉ်ဆိုတာ ရှိခဲ့ဖူးတဲ့ သူတွေကတော့ ရုတ်တရက် ပြန်ဆုံတွေ့ဖြစ်ရင် ခွက်ထိုးခွက်လန် ရယ်ချင်ရယ်ကြမှာပေ့ါ။ ကျနော်ကတော့ အဲဒါကို ကြောင်တောင်တောင် ကြီးလို့ ခံစားရလို့ လုပ်ဖြစ်မယ် မထင်ဘူး။ ဒီလိုပဲ ကျနော်တို့တွေ တစ်ယောက်ကိုတစ်ယောက် အသိအမှတ်ပြုတယ် ဆိုရုံလေး ပြုံးပြကြတာမျိုးတော့ ဖြစ်ကောင်း

ဖြစ်နိုင်ပါတယ်။ ဒါကလည်း ကျနော်တို့ရဲ့ ပတ်သက်ခဲ့မှုနဲ့ နှိုင်းယှဉ်ကြည့်ရင် နည်းပါးလွန်းလှတဲ့ အပြုအမူတစ်ခုလို့ ထင်စရာပါပဲ။ ဘာပဲဖြစ်ဖြစ် အပြုအမူတွေနဲ့ ပတ်သက်ရင်တော့ ကျနော်တို့က နှမြော မနေကြသင့်ဘူး မဟုတ်လား။

နောက်ထပ် နည်းလမ်းတစ်ခုကို တွေးကြည့်ရရင်တော့ ကျနော်တို့ ရုတ်တရက် ပြန်ဆုံတွေ့ဖြစ်တဲ့အခါ ကျနော်ဟာ သူမ ပြုမူသလို လိုက်လုပ်နေဖို့ပဲ ရှိပါလိမ့်မယ်။ ဒါကလည်း ကျနော့်ရဲ့ အားနာတတ်တဲ့ အကျင့်နဲ့ သူမကို ဘယ်တုန်းကမှ ဦးစားမပေးဖူးခဲ့တဲ့ အပြစ်ကြောင့်လည်း ပါပါတယ်။ ဒါမှမဟုတ် သူမက အရင်အတိုင်းပဲ ကျနော့်ကို ဦးစားပေးပြီး ကျနော့်ရဲ့ အပြုအမူတွေကို စောင့်ကြည့်နေခဲ့ပါမယ် ဆိုရင်တော့ သေချာတယ် ပထမ ကျနော် တွေဝေသွားမယ်။ ပြီးရင်တော့ ကျနော် သူမကို ပြုံးပြမယ်။ အတိတ်က တချို့ကိစ္စလေးတွေ တစ်ကွက် နှစ်ကွက်လောက်က ကျနော့်ရဲ့ ခေါင်းထဲမှာ ထင်ထင်ရှားရှား ပြန်ပေါ်လာပြီး အဲဒီအရာတွေအတွက် ကျနော်ဟာ ခဏလောက် ငြိမ်သက်သွားလိမ့်မယ်။ အဲဒီအချိန်မှာ သူမဟာ သူမရဲ့ လက်ကိုင်ဖုန်းနဲ့ အလုပ်ရှုပ်ချင်လည်း ရှုပ်နေမယ်။ ဒါမှမဟုတ် သူမရဲ့ လွယ်အိတ်ထဲမှာ ပစ္စည်းတစ်ခုခုကို ရှာချင်ရှာနေခဲ့မယ်။ မဟုတ်လည်း ပစ္စည်းတစ်ခုခုကို ရှာနေခဲ့ချင်ဟန် ဆောင်တာလည်း ဖြစ်ချင်ဖြစ်နေလိမ့်မယ်။ ပြီးရင် ကျနော်တို့တွေ အပြန်အလှန် သာကြောင်း မာကြောင်းတွေ မေးကြမယ်။ ပြီးတော့ နည်းနည်းထပ်ရယ်မယ်။ နှစ်ယောက်စလုံးက အဆင်ပြေပြေ ရှိကြောင်းတွေကိုပဲ ပြောကြဆိုကြမယ်။ လူတွေဟာ ကိုယ်ချစ်တဲ့ သူတွေကို ပူပန်စေကြမှာ မဟုတ်ဘူးဆိုတဲ့ စည်းမျဉ်းအတိုင်းလေး အထိုက်အလျောက်ပေါ့။ ပြီးရင်တော့ ကျနော်တို့တွေ တစ်ယောက်ကို တစ်ယောက် နှုတ်ဆက်လမ်းခွဲကြမယ်။ ထပ်ပြီးလည်း သက်ဆိုင်ဖို့ရာ မရှိနိုင်

တော့တဲ့ အတွက် တစ်ယောက်ကို တစ်ယောက်က ဖုန်းနံပါတ်တွေတော့ ပေးဖြစ်ကြတော့မှာ မဟုတ်ဘူး။ ဒါမှမဟုတ် ဖုန်းနံပါတ်ကို ပေးဖြစ်ခဲ့ကြ မယ် ဆိုရင်လည်း မကိုင်ဖြစ်တော့တဲ့ ဖုန်းနံပါတ်တွေကိုပဲ အပြန်အလှန် ပေးဖြစ်ခဲ့ကြမယ် ထင်တယ်။ နောက်ဆုံးမှာတော့ ကျနော်တို့တွေဟာ တစ်နေရာရာမှာ ထပ်ပြီးတွေ့တော့မလို အမူအရာတွေနဲ့ လက်ပြနှုတ်ဆက်မယ်။ ကျောချင်းကပ် တဖြည်းဖြည်း ဝေးအောင် လမ်းလျှောက်ရင်း လူတွေကြားထဲ တိုးဝင်ပြီး တဖြည်းဖြည်း ပျောက်ကွယ်သွားကြမယ်။

ဒါက မကောင်းဘူးလား။ မတော်တဆ ပြန်ဆုံတွေ့ဖြစ်တဲ့ အချိန်ဟာ ကျနော် စိတ်ကူး ထားသလောက် အသေးစိတ်လည်း ရချင်မှရလိမ့်မယ်။ ဒါက ကျနော့်ခေါင်းထဲမှာ ရှိနေခဲ့တာတွေကိုပဲ ကျနော်က ပြောပြနေတာပါ။ ဒီလိုမှ မဟုတ်ပဲ သူမက ကျနော့်ကို ရုတ်တရက်ကြည့်၊ တစ်ခါမှ မသိဖူးတဲ့ သူတစ်ယောက်လို မျက်နှာလွှဲပြီး မသိချင်ယောင် ဆောင်ပြီး ထွက်သွားခဲ့တာ၊ ကျနော့်ကို တစ်ချက်ကလေးမှ ပြုံးမပြခဲ့ပါပဲ လှည့်ထွက်သွားခဲ့တာ၊ ကျနော် ဆိုတာ သူမရဲ့ ဘဝထဲမှာ ဘယ်တုန်းကမှ မရှိခဲ့ဖူးတဲ့ လူတစ်ယောက် လိုမျိုးပဲ သူမရဲ့ ဖက်က ပြုမူသွားခဲ့တာ ဆိုရင်လည်း ကျနော့်ဖက်ကတော့ အတင်းလိုက်ပြီး နှုတ်ဆက်နေမိတော့မှာ မဟုတ်သလို လူကြားထဲသူမရဲ့ လက်ကို လိုက်ဆွဲပြီး ကျနော်တို့ နှစ်ဦးသားရဲ့ အတိတ်တွေကို ဖောဖောသီသီ ပြန်ပြောပြ နေမိမှာလည်း မဟုတ်ပါဘူး။ ကျနော်က အားနာတတ်တဲ့လူ မဟုတ်လား။ တကယ့်လက်တွေ့မှာ အားမနာတတ်တဲ့ သူတွေကရော အဲဒီလိုတွေ လုပ်လေ့ရှိကြလား ဆိုတာကိုတော့ ကျနော်လည်း မသိပါဘူး။ ကြောင်တောင်တောင် လူတွေကတော့ လုပ်ချင်လုပ်ကြမှာပါ။ ကိုယ့်စိတ်ထဲမှာ ဖြစ်ပျက်နေတာတွေကို အပြင်မှာ လက်တွေ့ မလုပ်လိုက်သေးသရွေ့ ကြောင်တောင်တောင် မဖြစ်သေးဘူး ဆိုတာကိုတော့ ကျနော်က

ကောင်းကောင်းကြီး သိနားလည်ထားပါတယ်။ ပြီးတော့ အခု ဒီအကြောင်းအရာတွေကို ကျနော်တွေးမိနေသလို သူမတွေးမိနေဖို့လည်း မရှိလောက်ဘူး။ ရှိချင်လည်း ရှိမှာပေါ့။ ကျနော်လည်း မသိဘူး။ ကျနော်ကတော့ တွေးမိပါတယ်။ သူမတစ်ယောက် ကျနော့်အနားမှာ ရှိနေပေးဖူးခဲ့တာကို ပြန်တွေးမိပြီး ကျနော် အားနာနေခဲ့ရတာက စလို့ အခုအချိန်မှာ တချို့ လွဲချော်သွားခဲ့ရခြင်း တွေကို ကျနော်ဟာ ထပ်တလဲလဲနေအောင် သတိရနေမိခဲ့တာတွေ အထိ အဆုံး အကုန်လုံးနီးပါး ကိုပါပဲ။

ဟိုတစ်လောက ဗိုက်ဖုံး အင်္ကျီလေးနဲ့ သူမရဲ့ဓာတ်ပုံကို လူမှုကွန်ရက်ပေါ်မှာ မြင်တွေ့လိုက်ရ တော့မှသာ ကျနော့်ရဲ့အတွေးတွေကို ရပ်တန့်ပစ်လိုက်ဖို့ ဆုံးဖြတ်မိလိုက်တာ ဆိုပေမဲ့ ဒါကလည်း ခင်ဗျားတို့ အတွက်တော့ သိပ်အရေးတကြီး ရှိနေရမယ့် ကိစ္စတစ်ခုတော့ မဟုတ်ဘူးမို့လား။

- ချစ်မင်းဝေ

***

## မစ်ကီမောက်စ်ပုံစတစ်ကာနဲ့ အင်္ကျီ -

ကျနော့်ဆီမှာ မစ်ကီမောက်စ်ပုံ စတစ်ကာနဲ့ အင်္ကျီတစ်ထည် ရှိပါတယ်။ မစ်ကီမောက်စ်ပုံ စတစ်ကာနဲ့ဆိုလို့ ကျနော့်ရဲ့ အင်္ကျီတော့ မဟုတ်လောက်ပါဘူးလို့ ထင်ချင်စရာပါပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ အသက် နှစ်ဆယ့်ရှစ်နှစ်အရွယ် တက်တူးတွေ တစ်ကိုယ်လုံးအပြည့် ထိုးထားတဲ့ ယောကျ်ားအားလုံးနီးပါးက ဒီလိုအင်္ကျီမျိုးတွေကို ဝတ်လေ့ဝတ်ထ မရှိတတ်ကြဘူးလေ။ ဒါပေမဲ့ ကျနော့်ဆီမှာတော့ မစ်ကီမောက်စ်ပုံ စတစ်ကာနဲ့ အင်္ကျီအဖြူလေး တစ်ထည်ကတော့ ရှိကိုရှိနေခဲ့ပြီး တစ်ခါတလေမှာလည်း ကျနော်က အဲဒါကို ဝတ်ဆင်နေလေ့ ရှိပါတယ်။ တစ်ခါတလေ ဆိုတာက ကျနော် အိမ်မှာနေနေရင်း အချိန်မျိုးကိုသာ ဆိုလိုတာပါ။ ကျနော် တကယ့်ကို ဟိုနားဒီနားလေး တောင်မှ လုံးဝမသွားဖြစ်ခဲ့တဲ့ အချိန်မျိုးတွေမှာပဲပေါ့။ ကျန်တာတွေ ထားလိုက်ပါတော့။ ဘယ်သူပဲဖြစ်ဖြစ် ကျနော် ဘာလို့ ဒီလိုအင်္ကျီကို အခုအချိန်အထိ ဝတ်နေခဲ့သေးတာ လဲလို့ မေးချင် မေးစရာ ရှိလာပါလိမ့်မယ်။ မမေးချင်လို့ မေးစရာ မရှိလည်း တစ်ခုခုကြောင့် ဖြစ်လိမ့်မယ် ထင်တယ်လို့ ကျနော် ဖြေပါရစေ။ ကျနော်လည်းအသေအချာတော့ မသိပါဘူး။ အဲဒါက အမှတ်တရ တစ်ခုခု၊ လွဲမှားမှု တစ်ခုခု၊ အတွေးလွန်ခြင်း တစ်ခုခုတော့ အတိတ်ကာလထဲက အကြောင်းတရား တစ်ခုခု၊ သံသယတွေ မကင်းတဲ့ အဖြစ်အပျက်တစ်ခုခု၊ ဒါမှမဟုတ် ခန္ဓာကိုယ်ရဲ့ သက်သောင့်သက်သာဖြစ်မှုအပေါ် နှစ်သက်နေမိသော သာယာမှု တစ်ခုခုကြောင့် ပဲလို့ ကျနော်တော့ ထင်မိတာပဲ။

ဒီအင်္ကျီလေး ကျနော်ရဲ့ဆီကို စပြီး ရောက်လာတာကတော့ ကျနော် ရပ်ကွက်လေး တစ်ခုမှာ တစ်ယောက်တည်း တိုက်ခန်းငှားပြီး နေနေခဲ့တဲ့ အချိန်တုန်းကပေါ့။ အဲဒီတုန်းက ကျနော်ဟာ တစ်ယောက် တည်းလည်း ဖြစ်တဲ့အပြင် ငွေရလည်း အတန်အသင့် လွယ်ကူတဲ့ အလုပ်တချို့ကို လုပ်ကိုင်နေခဲ့သူဆိုတော့ အဝတ်တွေ ဘာတွေ ကိုယ့်ဟာကိုယ် လျှော်ဝတ် လေ့မရှိခဲ့ဘူး။ ဒီလိုပဲ တစ်ပတ်မှာ တစ်ခါလောက် ကျနော့် အဝတ်တွေကို စုစည်းပြီး ဒိုဘီအပ်လိုက်တာပါပဲ။ အဲဒီမှာ မှားပြီး ပါလာခဲ့တာပါ။ အတိအကျပြောရရင်တော့ ကျနော့်ရဲ့ အင်္ကျီအဖြူ တစ်ထည်နဲ့မှားပြီး ပါလာ တာပဲ ဖြစ်နေပါလိမ့်မယ်။ ကျနော့် အင်္ကျီအဖြူ တစ်ထည်လို့ ကျနော် အတိအကျ ပြောနိုင်ရတဲ့ အကြောင်းရင်းကတော့ ကျနော့်ဆီမှာက အင်္ကျီ အဖြူနဲ့ အမဲတွေချည်းပဲ ရှိနေခဲ့လို့ပါပဲ။ အဖြူတွေကိုတော့ ဝတ်ရတာ အေး တယ်လို့ ခံစားရလို့ အင်္ကျီဝယ်ရင် အဖြူတွေပဲ ပိုပြီး ဝယ်ဖြစ်ခဲ့တာ များပါ တယ်။ ကျနော်ထင်တာတော့ ဒါက တစ်ယောက်ယောက်ရဲ့ အင်္ကျီအဖြူနဲ့ မှားလာတာပဲ ဖြစ်နေပါလိမ့်မယ်။ အဲဒီ တစ်ယောက်ယောက်ကလည်း မိန်းကလေးလား ယောကျ်ားလေးလား ဆိုတာကိုတော့ ကျနော်လိုက်ပြီး စဉ်းစားမနေချင်လို့ မစဉ်းစားတော့ဘူး။ ဘာလို့ဆို ဒီဟာရဲ့ ပိုင်ရှင်က မိန်းကလေး ဆိုရင် ဒီလောက် ဆိုဒ်ကြီးတဲ့ အင်္ကျီအတွက် တော်တော် ထွားကျိုင်းတဲ့ ခန္ဓာကိုယ် ရှိနေရမှာပဲလို့ ထင်မိလို့ပါပဲ။

ဆက်တွေးကြည့်ရရင် တော်တော့်ကို အူယားစရာ ကောင်းတာတွေ ကြောင့် သိပ်မတွေး ဖြစ်အောင် နေနေခဲ့ရင်းတောင်မှ အဲဒီမိန်းမရဲ့ ထွားကျိုင်းတဲ့ ခန္ဓာကိုယ်ကို တွေးမိသွားတာကြောင့် သူဟာ နဘန်း သတ်စားနေတဲ့ သူတစ်ယောက်လား လို့တောင် စဉ်းစားနေမိရပြီ။ ဒါမှ မဟုတ် အဲဒီမိန်းမဟာ ကုန်ထမ်းနေတာလားလို့ ကြောင်တောင်တောင်

စဉ်းစားချင်ပေမဲ့ မိန်းကလေးတွေ ကုန်ထမ်းတာ ကျနော် တစ်ခါမှ မတွေ့ဖူးတော့။ ရှိရင်လည်း ရှိမှာပေ့ါ ငါက လေ့လာမှု အားနည်းတာလည်း ဖြစ်နိုင်ပါတယ်လို့ ဖြေသိမ့်လိုက်မိတာပါပဲ။ ကျနော့်ပတ်ဝန်းကျင် မှာတော့ အဲဒီလို မြင်ကွင်းတွေ မြင်ရတွေ့ရဖို့ ဆိုတာက တိုက်ဆိုင်မှု တစ်ခုခု ရှိမှ ဖြစ်လာနိုင်တာမျိုး ဆိုတော့ ထားပါတော့။

ကျနော်က ကျနော့်ရဲ့ အချိန် တော်တော်များများကို အဲဒီ အင်္ကျီပိုင်ရှင်အကြောင်း မစဉ်းစားတော့ဘူး ဆိုပြီး စဉ်းစားနေရင်းနဲ့ပဲ ကုန်ဆုံးနေခဲ့လိုက်မိတယ်လို့ပဲ။ နောက်တော့ ဘာစိတ်ကူးပေါက်တယ် မသိ၊ ကျနော် အဲဒါကို ဝတ်ကြည့်ချင်စိတ် ဖြစ်လာတာနဲ့ အဲဒီအင်္ကျီကို ကျနော် ယူပြီး ဝတ်ကြည့်လိုက်မိတယ် ဆိုပါတော့။ အဲဒီ ဘယ်သူ့ဟာမှန်း မသိတဲ့ ကြောင်တောင်တောင် အင်္ကျီက ကျနော်နဲ့တော့ လုံးဝကို ကွက်တိပါပဲ။ ကျနော်ကပဲ ကြောင်တောင်တောင်မို့ ကိုယ်နဲ့ လိုက်လို့ ရတာပဲလားလို့တောင် ထင်လာစရာ ကောင်းအောင် အဆင်ပြေလွန်းတဲ့ အနေအထားပါ။ နောက်ပြီး အဲဒါက ကျနော့်ကို တော်တော်ကြီး သက်သောင့်သက်သာ ှိစေတဲ့ ခံစားမှုမျိုးကို ပေးနေခဲ့တယ်။ သူ့ကို ချုပ်ထားတဲ့ အသားက အေးတဲ့ အသားမျိုးလေးပဲ။ လည်ပင်းပေါက်ကလည်း မကျပ်မချောင် အနေတော်ပဲ။ ခါးနေရာကလည်း ဖင်ဖုံးတဲ့အထိ ရှည်မနေဘူး။ ဆိုတော့ ကျနော်လည်း ချက်ချင်းပဲ နှစ်သက် သွားမိတယ်လို့ ဆိုပါတော့လေ။ အဲဒီအင်္ကျီကို ကျနော် ဝတ်ထား လိုက်မိတော့တာပဲ။

အဲဒီမှာ ဇာတ်လမ်းစတော့တာက ကျနော့်ရည်းစားပါ။ သူက အရင်ရက်တွေလိုပဲ ကျနော့်အခန်းကို ရောက်လာခဲ့တယ်ပဲ ဆိုပါတော့။ ပုံမှန်ဆို သူက တစ်ပတ်မှာ နှစ်ကြိမ်သုံးကြိမ်တော့ ကျနော့်အခန်းကို လာလေ့ရှိပါတယ်။ ရှုပ်ပွနေတဲ့ ကျနော့်ရဲ့ ဖတ်လက်စ စာအုပ်တွေကို ကျနော် ဖတ်ချင်တဲ့ဟာ

ချက်ချင်းပြန်ရှာလို့ မရအောင် စီစီရီရီ လို့ သူပြောနေကျပုံစံနဲ့ နေရာတကျ ပြန်ထားပေးဖို့၊ ကျနော်ဟာကျနော် ဘယ်နေရာမှာ ဘာရှိတယ်လို့ သိပြီး အလွယ်တကူ ဖြစ်အောင် ဖွထားတဲ့ ခွေကာဗာနဲ့ စီဒီ တစ်နေရာစီ ဖြစ်နေတဲ့ သီချင်းခွေတွေကို ကျနော် နားထောင်ချင်တိုင်း အစက ပြန်ဖွရအောင် နေသားတကျ သူဟာနဲ့သူ ပြန်ထည့်ဖို့၊ အခန်းကလေး ကိုလည်း ကျနော်နဲ့ သူစိမ်းလို ဖြစ်သွားအောင် သပ်သပ်ရပ်ရပ် ဖြစ်သွားတဲ့အထိ လှည်းကျင်းဖို့၊ ပြီးတော့ ကျနော်နဲ့သူမ မလိုအပ်ပဲ စကားတွေပြောဖို့၊ ဒါမှမဟုတ်လည်း တစ်ခုခုကို အကြောင်းပြပြီး ကျနော်တို့ ခဏတစ်ဖြုတ် မှားယွင်းလိုက်ကြဖို့ စသည်ဖြင့်ပေါ့ သူမက ကျနော့်ဆီကို မကြာခဏ လာလေ့ရှိတယ်။ ဆိုတော့ ကာ ခါတိုင်းရက်တွေလိုပဲ သူ လုပ်ချင်ရာ လာလုပ်တာကို မသိချင်ဟန် ဆောင်နေဖို့ ကျနော်က သူမကို တံခါးဖွင့်ပေး ခဲ့လိုက်တယ်ပေါ့။

ရုတ်တရက်ပဲ သူမ ကျနော့်ကိုတွေ့တော့ နည်းနည်း ထူးဆန်းနေသလိုမျိုး စိုက်ကြည့်နေခဲ့ပါတယ်။ ပြီးတော့ အဲဒီအင်္ကျီက ဘယ်က ရတာလဲလို့ သူမ ကျနော့်ကို မေးတယ်။ ကျနော်လည်း ပြန်ကြည့်ပြီးတော့မှ သတိရသွားပြီး အဝတ်တွေလျှော်ဖို့ ဒိုဘီအပ်လိုက်ရင်း မှားပါလာခဲ့တယ် ဆိုတဲ့ အကြောင်း ကို သေချာ ရှင်းပြပေးလိုက်တယ်။ ဒါပေမဲ့ သူမသိပ်ကျေနပ်တဲ့ ပုံတော့ မ ပေါ်ပါဘူး။ မပေါ်ဘူးဆို ဒီအင်္ကျီက မိန်းကလေးတွေ ဝတ်လေ့ရှိတဲ့ အင်္ကျီ မျိုးပဲ ဖြစ်နေတာကိုး။ သူမ စိတ်ထဲမှာ သူမနဲ့ကျနော် မတွေ့ဖြစ်တဲ့ အချိန် တွေမှာ မိန်းမ တစ်ယောက် ယောက်က ကျနော်နဲ့အတူတူ လာအိပ်လေ့ရှိ ပြီး သူ့အင်္ကျီနဲ့ ကျနော့် အင်္ကျီတွေထဲက တစ်ထည်ထည်ကို လဲဝတ်သွားခဲ့ တယ် လို့ပဲ ထင်နေတာ ဖြစ်ပါလိမ့်မယ်။ မိန်းမတွေဟာ သူတို့ဘဝရဲ့ အချိန် တော်တော်များများကို သံသယတွေနဲ့ပဲ ကုန်ဆုံးတတ်လေ့ ရှိကြတာလား လို့တောင် ကျနော် ထင်နေမိခဲ့ပါတယ်။ တကယ် မလွယ်တဲ့ ရှင်းပြစရာ

ကိစ္စဆိုပေမဲ့ ဒီအင်္ကျီပိုင်ရှင်ဟာ နဘန်းသမား တစ်ယောက် ဖြစ်လိမ့်မယ်လို့ ကျနော် တွေးမိထားတာကိုတော့ သူမကို ထုတ်ပြောပြဖို့ မသင့်ဘူး ထင်လာမိတာနဲ့ ကျနော် မပြောဖြစ်တော့ဘူး။ ဘာလို့ဆို သူမလို ယောက်ျားတော်တော် များများက ပြန်ကြည့်နေရတဲ့ ကိုယ်ခန္ဓာ အလှအပမျိုး ရှိတဲ့သူနဲ့ လင်မယားလို အမြဲ အတူတူ အိပ်နေရတာ တောင်မှ အားမရသေးလို့ နဘန်းသမားပါ ထပ်ပြီး ခေါ်အိပ်နေတာလို့ တွေးပြီး အထင်လွဲသွားရင် ကျနော် ဘယ်လိုနည်းနဲ့မှ ဖြေရှင်းဖို့ရာ မတတ်နိုင်တော့မှာ စိုးရိမ် မိသွားတာကြောင့်ပါပဲ။ ဒီလိုနဲ့ပဲ သူမလည်း ကျနော့်ကို မယုံသင်္ကာ ကြည့်ရင်း အိမ်ထဲကို ဝင်လာခဲ့တယ်ပေါ့။

နောက်တော့လည်း ထုံးစံအတိုင်း ကျနော်လည်း အလိုမတူပါပဲနဲ့ သူမရဲ့ ပါးစပ်က တတွတ်တွတ် ပြောရင်း ကျနော့်ရဲ့ ရှုပ်ပွနေတဲ့ ပစ္စည်းတွေကို နေရာတကျ စီစီရီရီ ပြန်ထား နေပါတော့တယ်။ အခန်းကို တံမြက်စည်းလှည်းတယ်။ အမှိုက်တွေ သိမ်းတယ်။ အရာအားလုံးကို သန့်ရှင်းနေအောင် သူမ လုပ်တယ်။ လုပ်နေရင်းနဲ့ သဲလွန်စ တစ်ခုခုကိုလည်း သူမ ရှာနေခဲ့တယ် ထင်တာပဲ။ ပြီးတော့ ခါတိုင်းလိုပဲ ကျနော့်ကို ပွတ်သပ်ကျီစယ်ရင်း သူ့အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး ကျနော် လုံးဝ စိတ်ဝင်စားခြင်း မရှိတဲ့ အကြောင်းအရာတွေကို ဟိုပြောဒီပြောတွေ ပြောဆိုနေခဲ့တာပဲပေါ့။ ပြီးတော့ ကျနော်တို့ အတူတူ အိပ်လိုက်ကြတယ်။ ဒါပေမဲ့ ခါတိုင်းလိုတော့ ကျနော်က သိပ်စိတ်မပါခဲ့မိဘူး။ ကျနော် စိတ်မပါရတဲ့ အကြောင်းကတော့ ဒီအင်္ကျီဟာ ဘယ်သူ့ အင်္ကျီလဲဆိုတာ ကျနော့်ခေါင်းထဲကို တစ်ချိန်လုံး ရောက်နေခဲ့လို့ပါပဲ။ အဲဒီမှာပဲ ကျနော်တို့ လုပ်ရင်းကိုင်ရင်း စောက်ပြဿနာ အကြီးကြီး ထတက်ပါတော့တယ်။ ကျနော်က တခြားမိန်းမ တစ်ယောက်နဲ့ အတူတူ အိပ်ထားလို့ သူမကိုတောင်မှ စိတ်မပါတော့တဲ့ ပုံစံမျိုး သူမကစပြီး

ကျနော့်ကို စွပ်စွဲခဲ့တာပါ။ ဘယ်လိုမှကို ရှင်းပြလို့မရတာနဲ့ မယုံရင် ဒိုဘီ အိမ်ကို ဖုန်းဆက်တာ ဖြစ်ဖြစ် လူကိုယ်တိုင် သွားပြီး မေးကြည့်တာဖြစ်ဖြစ် လုပ်ဖို့ ပြောတော့လည်း ရှင်က သူတို့တွေနဲ့ ကြိုပြီး ဇာတ်တိုက်ထားပြီးသား မှတ်လား ဆိုတဲ့ အပြောမျိုးကိုပဲ ထပ်ပြီး ထွက်လာပြီး ပြဿနာရှာပါတယ်။ အကြောင်း ကိစ္စတိုင်းမှာ သူတို့ တွေးထင်ထားတာကပဲ အမှန်တရား ဖြစ် တယ်လို့ မိန်းမတွေက အမြဲ သတ်မှတ်ချက် ထားရှိကြတဲ့ပုံ ပေါ်ပါတယ်။ ထားပါတော့ အဲဒီကိစ္စကြောင့်ပဲ သူမ စိတ်ဆိုးပြီး ပြန်တော့မယ်လို့ ပြောလို့ အရင်အတိုင်းပဲ သူမကို ကျနော် ကားဂိတ်အထိ လိုက်ပို့ပေးခဲ့ ရတယ်ပေါ့။ အဲဒီမှာ ကျနော် သူမကို ပြေလည်ရာ ပြေလည်ကြောင်း စကားတစ်ခုခု ပြော မလို့ ကြံလိုက်မ ိသေးတယ်။ ဒါပေမဲ့ သူမ ပြန်သွားရင် ဒီအကျီအကြောင်း ကို ကျနော် ခေါင်းအေးအေး ထားပြီး အေးအေးဆေးဆေး စဉ်းစားရမယ်ဆို တဲ့ စိတ်ကူးနဲ့ပဲ သူမကို စကား မပြောဖြစ်တော့ပဲ သူမကားပေါ် တက်သွား တာကို ခါတိုင်းလိုပဲ ကျနော် ပြုံးပြီး လက်ပြနှုတ်ဆက်ခဲ့ လိုက်မိတယ်။ သူမ ကျနော့်ကိုအားတစ်ချက်မှ ပြန်လှည့်ကြည့်မသွားဘူး ဆိုပေမယ်လို့ပေါ့။ မိန်းမတွေဟာ စိတ်ရှုပ်ထွေးတဲ့ ဒဏ်ကို ကျနော်တို့လောက် ခံနိုင်ရည် မရှိ ကြတာလား ဒါမှမဟုတ် သူတို့မှန်တယ် ထင်တာတွေကပဲ အမှန်တရားလို့ ယူဆပြီး နေ့စဉ်နဲ့အမျှကို ရှင်သန်နေကြတာလား ဆိုတာကိုပါ ထပ်တွေးမိ ပြီး ကျနော် ဒီအတိုင်း ကျန်နေခဲ့ရတယ်။ ဒီလို ဘာမဟုတ်တဲ့ အကျီလေး တစ်ထည်မှာတင် ကျနော်ဟာ မိန်းမတွေနဲ့ ပတ်သက်ပြီး တော်တော့်ကို ရှုပ်ထွေးတဲ့ မေးခွန်းတွေ အများကြီးကို အဖြေရှာနေမိရရင်း မူးဝေ နောက်ကျို နေခဲ့တာတော့ သေချာနေပါတယ်။

အိမ်ကိုပြန်ရောက်တော့ ကျနော်လည်း ဒိုဘီအပ်တဲ့အိမ်ကို ဖုန်းဆက်ပြီး အကျီမှားလာတယ် ဆိုတဲ့အကြောင်းကို လှမ်းပြောခဲ့လိုက်တယ်။ ကျနော်

ထင်ထားတဲ့အတိုင်းပဲ။ သူတို့ဆီမှာလည်း လာအပ်ကြတဲ့သူတွေက များ တော့သူတို့လည်း ကောင်းကောင်း မမှတ်မိကြပါဘူး။ တစ်ယောက်ယောက် က မှားနေတယ်လို့ ဆက်သွယ်လာရင်တော့ သူတို့ အကြောင်းပြန်ပေး ပါ့ မယ်လို့ပဲ သူတို့ပြန်ပြောပါတယ်။ တကယ်တော့ ဒါက ဖြစ်နေကျပါ။ ရပ်ကွက်ထဲမှာ အများနဲ့ ဒိုဘီ လျှော်တဲ့သူတွေ တော်တော်များများမှာ ဒီ ပြဿနာမျိုးက ခဏခဏ ကြုံနေကြရတာပါပဲ၊ ဒါပေမဲ့ မစ်ကီမောက်စ်ပုံ စ တစ်ကာနဲ့ အင်္ကျီတွေချည်းပဲ ခဏခဏ မှားနေကြတာမျိုး ကတော့ အမြဲကြုံ ရတာ ဟုတ်မယ်မထင်ဘူး။ Tom & Jerry စတစ်ကာနဲ့ အင်္ကျီတို့၊ Linkin Park အဖွဲ့ပုံ စတစ်ကာနဲ့ အင်္ကျီတို့နဲ့လည်း တစ်ခါတလေ မှားရင်မှားကြမှာ ပေါ့။ ကုသိုလ်ရေးနဲ့ နီးစပ်တာ တွေးချင်ရင် ဓမ္မာရုံ အမှတ်တံဆိပ်ပါတဲ့ အင်္ကျီတွေနဲ့တောင်မှ လူတိုင်း မှားခွင့်ရှိနေခဲ့ပါတယ်။ ကျနော်လည်း သူတို့ ကို ရှည်ရှည်ဝေးဝေး ဆက်ပြီး ပြောမနေတော့ပဲ ဒီရပ်ကွက်ထဲမှာ အမျိုးသမီး နဘန်းသမား ရှိလားလို့ မေးကြည့်တော့ ဟင့်အင်း အဲ့လိုတော့ မကြားမိပါဘူးလို့ ပြန်ပြောတာနဲ့ တစ်ပြိုင်တည်း အန်တီ မသိသေးတာ လည်း ဖြစ်နိုင်တာပဲနော်လို့ ကိုယ့်ဟာကိုယ် ညည်းပြောလေး ဆိုသလို ဆက်ပြောပြီး ကျနော်လည်း ဖုန်းချလိုက်မိတယ်။ အဲဒီဖုန်းချပြီးမှ ကျနော့် ရည်းစားဆီကို ဖုန်း လှမ်းခေါ်လိုက်တော့ သုံးလေးခါအထိ သူမရဲ့ဖုန်း အား နေရဲ့သားနဲ့ မကိုင်ပါဘူး။ နောက်ဆုံး တစ်ခေါက်မှ သူမ ဖုန်းကိုင်တဲ့အသံ ကို ဟယ်လို ဆိုပြီးတော့ ပြတ်ပြတ်ပဲ ကြားလိုက်ရတယ်။ အသံကတော့ သိပ်စိတ်မရှည်တဲ့ အသံအမျိုးအစား တွေထဲက တံဆိပ် တော်တော်ကောင်း တဲ့ အမျိုးအစားနဲ့ ပြောနေတာပဲ ဖြစ်မှာပါလို့ ကျနော်လည်း တွေးရင်း အင်္ကျီကိစ္စက အဲသလိုပဲ ဆိုတဲ့ အကြောင်းကို သူမ သိအောင် ကျနော် ရှင်းပြ လိုက်တော့ သိပ်အယုံအကြည် မရှိတဲ့ ပုံစံ (အသံပေါ့ဗျာ၊ အမျိုးအစား

ကောင်းတော့ ရေဒီယိုလို ကြိမ်နှုန်းလည်း ပြောင်းလို့ရတယ် ထင်တာပဲ) နဲ့ ပြီးရောလို့ ပြန်ပြောပြီး ဖုန်းချသွားခဲ့တယ်။ ကျနော့်စိတ်ထဲမှာတော့ သူမနဲ့ ကျနော် အဆင်ပြေလောက်ပြီပဲ ထင်လိုက်တယ်။ ကျနော်လည်း အဲဒီ အင်္ကျီ အကြောင်းကို ဆက်မတွေးတော့ပဲ မေ့မေ့ပျောက်ပျောက် ထားလိုက်ပြီး အိပ်ပစ်လိုက်မိတယ်။

ဒီလိုနဲ့ပဲ နောက်တစ်နေ့ မနက်ကျတော့ ကျနော်လည်း မသိပဲ သူ့ဟာသူ တစ်ယောက်တည်း တစ်ညလုံးနီးပါး ဝအောင် စိတ်ကောက်နေခဲ့တာ အားရသွားပြီး စိတ်ကောက် ပြေသွားလို့နဲ့ တူပါတယ်။ ကျနော့်ကို ဖုန်းဆက်ပြီး လှမ်းခေါ်ပါလေရော။ အရင်ကလည်း ဒီလိုပါပဲ မနက်ခင်းတွေဆို မုန့်အတူစားဖို့ကို သူမက အမြဲ လှမ်းလှမ်းခေါ်လေ့ ရှိတယ်။ သူမစိတ်ထဲ ကျနော်နဲ့သူမက အစာအိမ်ချင်း အရင်းပြန်ထားကြတယ် ထင်ပြီး အတူစားရင် ပိုဝတယ်ထင်နေလို့လည်း ဖြစ်ချင် ဖြစ်နေခဲ့လိမ့်မယ်။ ပြီးတော့မှ သူမက သူမရဲ့ရုံးကိုသွား ကျနော်က ပြန်အိပ်မရတဲ့ အနေအထားနဲ့ ကြောင်စီစီ တစ်နေကုန် ကျန်ခဲ့တာပေ့ါ။ ကျနော်လည်း အိပ်ရာကနေ ကမန်းကတန်းထ မျက်နှာတွေ ဘာတွေသစ်ပြီး သူမရှိမယ့်နေရာကို အရင်လိုပဲ သုတ်သီးသုတ်ပျာ ထွက်လာခဲ့ရတယ်။ ချိန်းထားတဲ့နေရာ ရောက်လို့ သူမ ကျနော့်ကိုတွေ့တယ် ဆိုရင်ပဲ သူမဟာ မျက်နှာ အကြီးအကျယ် ပျက်သွားခဲ့တာကို ကျနော် တွေ့လိုက်ရတော့ တာပါပဲ။ ပြီးတော့ သူမ ကျနော့်ကို စိတ်ဆိုးနေတဲ့ မျက်နှာနဲ့ကြည့်ပြီး ရှင် အဲဒီအင်္ကျီကို တော်တော် ကြိုက်နေတာလား။ ဘယ်ဟာမက ပေးထားတာမို့လို့ အဲလောက် တမ်းတမ်းစွဲ ဝတ်နေရတာလဲ။ မနေ့က ရန်ဖြစ်ရတာလည်း ဒီအင်္ကျီကြောင့်ပဲ၊ အဲဒါကို စောက်မှတ်မရှိ ထပ်ဝတ်လာပြန်ပြီ ဆိုပြီး စပါယ်ယာသုံးယောက် အားလောက်ရှိတဲ့ အသံနဲ့ အော်ပြောပါလေရော။ တကယ့် အကျယ်ကြီးပဲ။ တကက

ယ့် အကျယ်ကြီး ဆိုမှကို အကျယ်ကြီးပဲဗျာ။ လော်စပီကာများ ငုံထား သလား မှတ်ရတယ်။ ကားဂိတ်မှာကလည်း လူတွေက အများကြီးပဲ။ လူ ကြားထဲမှာ အကျယ်ကြီးပဲ အအော်ခံလိုက်ရတော့ ပထမ ကျနော် ကြောင် သွားတယ်။ နောက်တော့ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်မိတော့မှ ဟုတ်တယ် ကျနော်ကလည်း အဲဒီအင်္ကျီကိုပဲ ဝတ်ထားတာ။ အတိအကျပြောရရင် မနေ့ ကတည်းက ဝတ်ထားပြီး အိပ်ပျော်သွားလိုက်တာ မနက်အထိပဲ။ သူမ ဖုန်း ဆက်ပြီး လှမ်းခေါ်တော့လည်း စိတ်ကောက်နေတာ ပြေစမို့ ထပ်ကောက် ရင် ငွေတိုးချေးသလို သံသရာ လည်နေမှာကြောင့် အဲဒီအင်္ကျီကို မလဲမိပဲ ကျနော်က အမြန် ထလာမိလိုက်တာ။ ကျနော်က မေ့တတ်တယ်။ ပြီးတော့ ကျနော်က အဝတ်အစားတွေနဲ့ ပတ်သက်ပြီး ဇီဇာကြောင်လေ့ မရှိတော့ သတိထားပြီး မလဲမပြုဖြစ်ရင် ကိုယ်ဝတ်ထားတာက ဘာလဲဆိုတာကို တောင် ကျနော်က မေ့နေတတ်လို့ ပြန်ကြည့်ရတာမျိုး။ ဒါပေမဲ့ သူမ ကျ နော့်ကို လူလည်ကောင်မှာတော့ အဲဒီလိုကြီး မအော်သင့်ဘူးလို့ ထင်မိတာ ပဲ။ ဘာဖြစ်လို့လဲ ဆိုရင်တော့ အဖြေက လူလည်ကောင်မှာ မို့လို့ပဲ။ အဲဒါနဲ့ ကျနော်လည်း စိတ်တိုတိုနဲ့ ဟာ မင်းက ဘာထဖြစ်ပြန်ရ ပြန်တာတုန်း ဒီ အင်္ကျီကရော၊ ဘာဖြစ်နေလို့တုန်း။ ဒီလိုပဲ မေ့ပြီး ဝတ်လာခဲ့မိတာပေါ့ကွာ။ အလကားနေ စိတ်ဆိုးစရာ မရှိတာကို ကြံဖန်ဆိုးပြီး စောက်ရစ်က ရှည်နေ တယ်လို့ သူ့ကို ပြန်အော်လိုက် မိတော့တာပေါ့။ အဲဒီမှာတော့ သူမဟာ လယ်ဗယ် တော်တော် မြင့်သွားတဲ့ ဂိမ်းထဲက Barbarian လို အရုပ်အမောင်းနဲ့ မလိုက်ဖက်အောင် အကြီးအကျယ် စိတ်ဆိုး သွားခဲ့တော့ တာပဲ။ အကြောင်းအရင်းကတော့ သူမကို လူလည်ကောင်မှာ အော်လို့တဲ့။ သူမ ကျနော့်ကိုအော်တဲ့ အချိန်တုန်းကတော့ ကျနော်တို့နှစ်ယောက်တည်း သဲကန္တာရထဲမှာ ခဏ ရောက်နေတာလို့ သူမ ထင်နေပုံရပါတယ်။ အဲဒါနဲ့

သူမလည်း နင်ဆိုပြီး လက်ညှိုးထိုးပြီး ဘာမှမပြောပဲ ကျနော့်ကို စိတ်ဆိုးပြီး လှည့်ထွက်သွားခဲ့ပါရော။ သင့်ကြောင့် မီးမလောင်ပါစေနဲ့လို့ ပြောမှာ မဟုတ်တာ သိပေမဲ့ တစ်ခုမှမပြောတာ ကတော့ ကျနော်လည်း ဘာဆက် လုပ်ရမှန်း မသိတော့ ကြောင်ပြီး ကြည့်နေခဲ့ရတယ်။ သူမကတော့ နောက် ကို တစ်ချက်ကလေးမှ ပြန်လှည့်မကြည့်ခဲ့ပါဘူး။ ကျနော်လည်း သူမကို အ ရင်လို လိုက်မခေါ်ဖြစ်တော့ဘူး။ အဲဒီတစ်ခေါက် သူမစိတ်ဆိုးပြီး လှည့် ထွက်သွားတာက သူမကို ကျနော် နောက်ဆုံး မြင်လိုက်ရတာပဲ ဆိုတာကို တော့ ကျနော်လည်း တကယ်ပဲ ကြိုပြီးမသိခဲ့တာ အမှန်ပါ။

နောက်ရက်တွေမှာလည်း ကျနော်က ကျနော့်ရဲ့ အချိန်တော်တော် များ များကို အသုံးပြုပြီး အင်္ကျီတစ်ထည်ကြောင့် မိန်းမတစ်ယောက်က ဘာလို့ အဲဒီလောက် ဖြစ်ပျက်သွား ရတာလဲ ဆိုတာကို ထိုင်စဉ်းစား နေလိုက်မိ တယ်။ ဒီလိုနဲ့ သုံးလေးရက်လောက် ကြာတော့ သူမဆီက ဖုန်းဆက်လာခဲ့ တယ်။ ပြီးတော့မှ နင်နဲ့ငါ ပတ်သက်စရာအကြောင်း လုံးဝမရှိတော့ဘူး။ မိန်းမတစ်ယောက်ကို လူလည်ကောင်မှာ အရှက်တကွဲ အကျိုးနည်းဖြစ် အောင် အော်တတ်တဲ့ ယောကျ်ားတစ်ယောက်ကို ငါ ဘယ်လိုမှ ဆက်ပြီး မ ပတ်သက်ချင်တော့ လို့တဲ့။ ကျနော်လည်း သူမရဲ့ လည်ချောင်းထဲက လော်စ ပီကာကို မျိုချလိုက်ပြီလားလို့ မေးချင်မိပေမဲ့ ဘာမှ ပြန်ပြော မနေတော့ပဲ ဖုန်းချပစ်လိုက်တယ်။ ပြန်ရှင်းပြ ပြန်တောင်းပန်လိုက်လို့ ရတယ်ဆိုတာ ကျနော်သိခဲ့ပါတယ်။ ဒါပေမဲ့ ပြေလည်သွားရင်လည်း နောက်ထပ် ကျနော် ဟာ ဘယ်အင်္ကျီတွေကြောင့်နဲ့ ကျနော်တို့ နှစ်ယောက် ပြဿနာ ထပ် တက်နေကြရဦးမှာလဲ ဆိုတာ အတိအကျမသိတဲ့ စိတ်ရှုပ်ထွေးခြင်း ကြောင့် ပဲ ကျနော် ဘာမှ ဆက်မပြော ဖြစ်တော့တာ မိန်းမတွေဟာ စိတ်ဆိုးစရာ တစ်ခုခုရသွားရင် စိတ်နာစရာတွေပါ တသီကြီး ရှာကြံတွေးပစ်လိုက်ကြပြီး

အလွယ်တကူ မုန်းပစ်တတ်ကြတာလား လို့တော့ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး မေးခွန်းထုတ်နေ မိရဲ့သားပါပဲ။ ဘာပဲဖြစ်ဖြစ် မစ်ကီမောက်စ်ပုံ စတစ်ကာနဲ့ အင်္ကျီကတော့ ကျနော့်ရဲ့ အဝတ်လျှော်စရာတွေထည့်တဲ့ ခြင်းတောင်းထဲက နေ ကျနော့်ကိုကြည့်ပြီး ရယ်နေခဲ့တော့မှာပဲ။ ကျနော်ကတော့ နဘန်းသတ်တဲ့ အမျိုးသမီး တကယ်မရှိတာရော ဟုတ်ရဲ့လားလို့ တွေးမိပြီးတော့မှ သက်ပြင်းအရှည်ကြီးကို မှုတ်ထုတ်လိုက်ပြီး ခေါင်းကိုပဲ တွင်တွင်ခါနေလိုက်မိတော့တယ်။ အဲဒီလိုနဲ့ပဲ တစ်ရက် နှစ်ရက် တစ်လ နှစ်လကနေ တစ်နှစ်နီးပါးလောက် အထိ ကျနော်လည်း ကိုယ့်ဘဝထဲမှာကိုယ် ရှင်သန်ရင်း ရုန်းကန်ရင်း နောက်ဆုံး ရန်ကုန်မှာ အလုပ်အကိုင် အဆင်မပြေတော့လို့ မိဘတွေရှိတဲ့ နယ်မြို့ကလေးဆီကို ပြန်သွား ခဲ့လိုက်တော့တာပေါ့။

ကျနော့်ဆီမှာ အဲဒီအင်္ကျီလေးကတော့ အမှတ်တရ တစ်ခုအနေနဲ့ ဆက်ပြီး ပါလာခဲ့ရတုန်းပါပဲ။ ကျနော်က အဲဒါကို ဘယ်သူ့ကိုမှလည်း ပေးပစ်လိုက်ဖို့ စိတ်ကူးမရှိခဲ့ဖူးဘူး။ မစ်ကီမောက်စ်ပုံ စတစ်ကာနဲ့ အင်္ကျီကို ဘယ်သူကမှလည်း လိုချင်နေကြမှာ မဟုတ်ဘူးလေ။ ကျနော့် ပတ်ဝန်းကျင်မှာလည်း ယောကျ်ားလေးတွေပဲ များတာကိုး။ ဒါပေမဲ့ ကျနော်ကတော့ အခုအချိန်အထိ အဲဒီအင်္ကျီလေးကို ထုတ်ထုတ်ဝတ်မိ နေခဲ့တုန်းပါပဲ။ အင်္ကျီလေးက ဝတ်ဖန်များလာတော့ လည်ပင်းပေါက်နေရာက အနားသပ်ကလေးတွေ တောင်မှ ဖွာလန်စုတ်ပြဲနေခဲ့ပြီ။ ဒါပေမဲ့ ကျနော် နှစ်သက်စွာ ဝတ်နေခဲ့မိတုန်းပဲ။ လူတွေကတော့ ရယ်ကြတာပေါ့။ လူတွေဆိုတာ ကိုယ့်မိသားစုနဲ့ ကိုယ်ခင်ရမင်ရတဲ့သူ အနည်းအကျဉ်းသော အသိမိတ်ဆွေ တချို့ကို ဆိုလိုတာပါ။ တက်တူးတွေ လက်နှစ်ဖက်စလုံး အပြည့် ထိုးထားတဲ့ အသက်သုံးဆယ့်တစ်နှစ်အရွယ် ယောကျ်ားတစ်ယောက်က မစ်ကီမောက်စ်ပုံ စတစ်ကာနဲ့အင်္ကျီကို ဝတ်ထားတော့ သူတို့စိတ်ထဲမယ် ထူးဆန်းနေတာလည်း

ဖြစ်ချင်ဖြစ်မှာပေ့ါ။ တကယ်ကိုလည်း လိုက်မှမလိုက်ဖက်ပဲလေ။ ဘာလို့ ဒီအင်္ကျီကို ဝတ်နေရတာလဲ ဆိုတဲ့ အကြောင်းကိုတော့ သူတို့က ဘယ်တော့မှ ထုတ်မမေးကြပါဘူး။ သူတို့လည်း ကျနော့်ရည်းစားလိုပဲ သူတို့ထင်ချင်ရာတွေ ထင်နေလိုက်ကြပြီး အဲဒါကပဲ အမှန်တရားလို့ လက်ခံထားလိုက်ကြတဲ့ ဘဝမှာ အသားတကျ ရှိနေခဲ့ကြတယ်နဲ့ တူပါတယ်။ တကယ်တမ်း ပြောရရင် ကျနော်ကိုယ်တိုင် မှာတောင် အကြောင်းပြချက်က ကောင်းကောင်း ရှိမနေခဲ့ပါဘူး။ ကျနော် ဒီအင်္ကျီကို အခုအချိန်အထိ ဘာလို့ ထုတ်ထုတ်ဝတ်နေမိသေးလဲ ဆိုတာကိုပေ့ါ။

ကျနော်မသိဘူး ဒီလောကကြီးမှာက ကျနော်မသိတဲ့ အရာတွေဆိုတာ အများကြီး ရှိနေမြဲပါပဲ၊ တစ်ခုပဲရှိတယ် မင်းဘယ်လောက် နာကျင်ခံစားခဲ့ရဖူးပြီလဲလို့ ကျနော့်ကို မေးတဲ့အခါ မေးနေတဲ့ မေးခွန်းပိုင်ရှင်ကို အသက်တမျှပါပဲလို့ ရိုးရှင်းစွာ ပြန်ဖြစ်မိအောင်တော့ နာတာတွေ ကျင်တာတွေ ခံစားနေလို့ မရတော့တဲ့အထိ ကျနော် ကြုံတွေ့ဖူးသွားပြီ။ ထုံသွားခဲ့ရတဲ့ သူတွေဟာ သူတို့ သိထားဖူးတဲ့ ခံစားနေခဲ့ရတဲ့သူ ဆိုတာတွေလောက် စောက်စကား အများကြီး မပြောကြတော့တာ ကိုလည်း ကျနော် နားလည်ပေးလို့ရသွားပြီ။ သူတို့က ယဉ်ယဉ်ကျေးကျေးပဲ ဘယ်သူမှ ကယ်လို့ မရတော့အောင် ကိုယ့်လမ်းကိုယ် လွဲမှားစွာ လျှောက်နေခဲ့ကြတဲ့ အခြေအနေမှာ နှစ်နှစ်ကာကာ ရူးသွပ်သွားခဲ့ကြမှာ ဆိုတာကိုလည်း ကျနော်က သိစပြုလာပြီ။ လူ့အဖွဲ့အစည်း ဆိုတာက ဟာသပါပဲ။ အဲဒီမှာ ဆက်နေရင် ကျနော် ထိတွေ့ရမှာက ဟာသတွေ၊ fairy tale တွေ၊ နတ်သမီးပုံပြင်တွေနဲ့ ကိုယ့်ရဲ့ အသက်ရှင်မှုအတွက် ဘယ်တော့မှ အဆုံးမသတ် ကြီးမား ကျယ်ပြန့်လာစေဖို့ စိတ်အနှောင့်အယှက် ဖြစ်စရာ နယ်နိမိတ်တွေ ပဲရှိတယ်။ ကိုယ်သဘောကျတဲ့ အရာကိုဆိုရင် ကြည့်နေရတာလေးက အမှတ်တရ ဖြစ်သွားအောင်

တည်ဆောက် ပြတတ်ကြတဲ့ သူတွေရဲ့ လိုအင်ဆန္ဒ ပြည့်ဝမှု ဆိုတာတွေနဲ့ ချည်းပဲ ဖွဲ့စည်း တည်ဆောက်ထားခဲ့ကြတဲ့ ကမ္ဘာကြီးမှာ မျှော်လင့်ချက်တွေ ဆိုတာ ဖြစ်ချင်တဲ့အရာတွေ ဖြစ်မလာသေးတာ ဆိုတာထက်လည်း မပိုလာ တော့ဘူး။ ဒီ ဘယ်သူ့အင်္ကျီမှန်း မသိတဲ့ အင်္ကျီကို ကျနော်က ဘာလို့ ဝတ်နေ ခဲ့ရသေးတာလဲ ဆိုတဲ့ အဖြေကို မဖြစ်မနေ ပေးမှရမယ် ဆိုရင်တော့ ကျ နော့်ရဲ့ ဘာမှန်းမသိပဲ ပြတ်သွားခဲ့ရဖူးတဲ့ ရည်းစားကြောင့်က တစ်ဝက်၊ ဒီ အင်္ကျီက ကျနော့်အတွက် ဝတ်ရတာ သက်သောင့်သက်သာ ရှိနေခဲ့တာ ကြောင့်က တစ်ဝက် ဖြစ်လိမ့်မယ်လို့သာ ထင်ပါတယ်။ ပြီးတော့ ကျနော့်မှာ ဟယ်လိုကစ်တီ ပုံတွေပါတဲ့ ကော်ဖီခွက် အဖြူရောင်ကြီး တစ်လုံးလည်း ရှိ သေးတယ်။ အဲဒီခွက်နဲ့ ကော်ဖီသောက်တဲ့ အခါတိုင်းလည်း အဲဒီလို ခပ်ဆင် ဆင် အဖြစ်အပျက်တွေ၊ ကျနော် ဆက်ပြီးတော့ အဖြေထုတ်နေစရာ မလို တော့တဲ့ မေးခွန်းတွေက ကျနော့်အနီးမှာ တသီတတန်းကြီး ပတ်ချာလည် နေအောင် ဝေ့ဝိုင်းရှုပ်ပွနေခဲ့တာပါပဲ။ တကယ်တော့ ဒါတွေက အရေးမကြီး ပါဘူး။ ဘဝဆိုတာကိုက မှတ်ဉာဏ်တွေ အမြောက်အမြားနဲ့ ဖွဲ့စည်း တည်ဆောက်ထားတဲ့ နေရာပဲ မဟုတ်လား။ အရေးကြီးတာက ကျနော်တို့ ရှင်သန်နေရခြင်းအပေါ် ဘယ်လိုပြုမူ တွေးတောနေကြလဲ ဆိုတဲ့ ကိုယ့် ကိုယ်ကိုယ် လေ့လာနေခဲ့ခြင်းပါပဲ။ ဘာပဲဖြစ်ဖြစ် ဘယ်သူ တစ်ဦးတစ် ယောက်မျှ ထိခိုက်မှုမရှိပဲ ရလာတဲ့ အဖြေတွေနဲ့ ရွှေ့လျားရင်း ကိုယ့် အဓိပ္ပာယ်နဲ့ ကိုယ် နေသားတကျ နေထိုင်နေနိုင်ဖို့ကပဲ လိုအပ်ခဲ့တာပါ။ ဘာ ရယ်မဟုတ် ဒီနေ့လည်း မှတ်ဉာဏ် အဟောင်းတွေ ပြန်ဝတ်နေမိလို့ စာ အဟောင်းကို ပြင်ပြီးရေးမိတာ။

- ချစ်မင်းဝေ

***